ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

စာအမှတ်၊ မစက/ ၅၀၂/ (၅၆၆ / ၂၀၁၄)
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ( ၅ ) ရက်

သို့

------------------------------------

လက်မှတ်ရပြည်သူ့စာရင်းကိုင်

အကြောင်းအရာ။ **စာရင်းကိုင်အလုပ်သင်များ ခွင့်ခံစားခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၏ ၆-၆-၂၀၁၄ ရက်စွဲပါ၊ ရုံးအမိန့်အမှတ် (၄၉) ဖြင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းတွင် အလုပ်သင်ဆင်းမည့် စာရင်းကိုင်အလုပ်သင်များလိုက်နာရမည့် စည်းကမ်းချက်များ ထုတ်ပြန်ခဲ့ပါသည် ထိုရုံးအမိန့် အပိုဒ်-၁(တ)နှင့် (ထ) တို့တွင် ခွင့်ခံစားခြင်းနှင့်စပ်လျဥ်း၍ အောက်ပါအတိုင်းဖော်ပြထားပါသည်-

(က) အလုပ်သင်ကာလ (၁၂) လလျှင်၊ ရှောင်တခင်ခွင့် (၁၀) ရက်၊

(ခ) မိမိဆောင်ရွက်ပြီး အလုပ်သင်လုပ်သက်၏ ၁၁ပုံ ၁ပုံ နှုန်းထက် မများဘဲလုပ်သက်ခံစားခွင့်၊

(ဂ) နာမကျန်းဖြစ်ခဲ့လျှင်လည်း သက်ဆိုင်ရာဆေးလက်မှတ် အထောက်အထားများဖြင့် မိမိဆောင်ရွက်ပြီးသည့် အလုပ်သင်လုပ်သက်၏ ၁၁ပုံ ၁ပုံ နှုန်းထက်မများဘဲ ဆေးခွင့် (ခံစားခွင့်ရှိသည့်ကာလထက်ကျော်လွန်ပါက လစာမဲ့ခွင့်အဖြစ် သတ်မှတ်မည်)၊

(ဃ) ခိုင်လုံသောအကြောင်းပြချက်ရှိပါက တစ်နှစ်လျှင် ရက်ပေါင်း (၃၀) အထိလစာမဲ့ခွင့်၊

(င) ဝန်ထမ်းစည်းမျဥ်းနှင့်အညီ မီးဖွားခွင့်၊ သားပျက် သားလျှောခွင့်များခံစားနိုင်သည်။

၂။ အပိုဒ် (၁) ပါ ရုံးအမိန့်ကို အလုပ်သင်စေလွှတ်သည့် အကြောင်းကြားစာနှင့်အတူ ပူးတွဲပေးပို့ခဲ့ပါသည်။ ယခုထပ်မံ၍ပူးတွဲပေးပို့ပါသည်။

၃။ သို့ရာတွင် အချို့သောအလုပ်သင်ကြားပေးလျက်ရှိသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများမှ စည်းကမ်းနှင့် ကိုက်ညီမှုမရှိသည့် ခွင့်ခံစားမှုများကို ခွင့်ပြုပေးလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ သို့ပါ၍ အလုပ်သင်ကြားပေးလျက်ရှိသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် စည်းကမ်းနှင့်အညီခွင့်ပေးနိုင်ပါရန်နှင့် စာရင်းကိုင်အလုပ်သင်များနှင့်စပ်လျဥ်း၍ ထူးခြားသောအကြောင်းအချက်များရှိပါက မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ အသိပေးပါရန် အကြောင်းကြားအပ်ပါသည်။

အမိန့်အရ

၅/၁၂/၁၄

ကြည်ဝင်း
ညွှန်ကြားရေးမှူး

မိတ္တူ
ရုံးလက်ခံ
မျှော